မူကြိုကျောင်း

Public education
**Discover a world of opportunities**

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အကြံဉာဏ်များ

### နားထောင်ပါ

သင့်ကလေးအား နားထောင်ရန်နှင့် စကားပြောရန် တိုက်တွန်းပါ။ စာလုံးကောင်းကောင်းပေါင်းတတ်သော ကလေးတစ်ဦးသည် များသောအားဖြင့် စကားပြောကောင်းသူ ဖြစ်သည်။

### အတူတကွ ဖတ်ရှုပါ

အက္ခရာ စာအုပ်များ၊ ပုံဖာတ်လမ်းစာအုပ်များနှင့် မွေးနေ့ပို့စ်ကတ်များကို သင့်ကလေးနှင့်အတူတကွ ဖတ်ပါ။ ကလေး သံစုံတေးသီချင်းများကို အတူတကွ ထပ်ခါတလည်လည် ဖတ်ပြီး သီဆိုပါ။ ရုပ်ပုံများနှင့် လွယ်လွယ်ကူကူ ကိုက်ညီသည့် စကားလုံးများကို လက်ညှိုးထိုးပြပါ၊ ၎င်းကဲ့သို့ cat နှင့် hat. သင် သူတို့အားပြောဆိုသည်ကို သူတို့အား နားထောင်ခိုင်း၍ ကာရံတူသော စကားလုံးများကို မှတ်မိအောင် သူတို့အား ကူညီပေးပါ။

**စာရေးနိုင်ပြီး စာလုံးပေါင်းနိုင်ခြင်းမှာ အချိန်ယူရသည့် ဖြစ်စဉ်များ ဖြစ်ကြပါသည်။ ကလေးများသည် နည်းလမ်း အမျိုးမျိုးနှင့် နှုန်းထားအမျိုးမျိုးဖြင့် သင်ယူလေ့လာကြပါသည်။ စိတ်ရှည်ရှည်ထားပြီး အမြဲတမ်း သူတို့၏ အားထုတ်ကြိုးစားမှုများကို ချီးမြှောက်ပါ –သေးငယ်သော လက်ချောင်းလေးများကို ခဲတံ သို့မဟုတ် ရောင်စုံခဲတံတစ်ခုကို ထိန်းချုပ်ပေးရန်သည် ကြီးမားသော ခြေလှမ်း တစ်ခုဖြစ်သည်။**

### အတူတကွ စာရေးပါ

စကားလုံးများကို အတူတကွ ရေးပါ။ သင့်ကလေးအား  သင် အက္ခရာစာလုံး တစ်ခုချင်းကို ကျယ်ကျယ်ပြောနေစဉ် သူတို့၏လက်ချောင်းလေးများဖြင့် စာလုံးကိုလိုက်ရှာခိုင်းပါ။

### စာလုံးပေါင်းခြင်းသည် အရေးပါသည်

သင့်ကလေး၏ အရာများကို အတူတကွ ကဗည်းထိုးထားပါ၊ ဥပမာ သူတို့အမည်ကို သူတို့၏ စာအုပ်များနှင့် ကစားစရာများပေါ်တွင် သူတို့အားကူညီပြီး ရေးပေးထားပါ။ ၎င်းသည် စာလုံးပေါင်းခြင်းမှာ အဓိပ္ပါယ်ရှိကြောင်း ပြသပါသည်။

### ကြည့်မှန်ပေါ်ရှိ ပုံရိပ်

သင့်ကလေးအား ကြည့်မှန်ကိုကြည့်ခိုင်းပါ၊ ထိုအခါ သူတို့သည် သူတို့ပါးစပ် မည်ကဲ့သို့ လှုပ်သည်ကို သူတို့မြင်နိုင်သည်။ ၎င်းသည် များသောအားဖြင့် အကယ်၍ သူတို့ အချို့အသံများကို ရောနှောရှုတ်ထွေးလျှင် အထောက်အကူပေးနိုင်သည်၊ ၎င်းကဲ့သို့ f နှင့် th.

### ကာရံတူသော သံစုံ ကစားပွဲများ

အဓိပ္ပါယ် မရှိသော စကားလုံးများဖြင့် စကားလုံး ကစားပွဲများကို ကစားပါ၊ ၎င်းကဲ့သို့ puppy schmuppy. သင် စကားလုံးများကို ကျယ်ကျယ်ပြောရမည့်နေရာတွင် ကာရံတူ သံစုံ ကစားပွဲများကို ကစားပါ။



Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
[illegible] အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015